# Fourth Sunday in Ordinary Time

## 1st READING: *Zephaniah 2:3; 3:12-13*

ဇေဖနိအနာဂတ္တိကျမ်း ၂း ၃၊ ၃း ၁၂-၁၃

တရားတော်အတိုင်းကျင့်၍စိတ်နှိမ့်ချသောပြည်သူပြည်သားအပေါင်းတို့၊ထာဝရဘုရားကိုရှာကြလော့။ဖြောင့်မတ်ခြင်းနှင့်စိတ်နှိမ့်ချခြင်းကိုလည်းရှာကြလော့။ထာဝရဘုရားအမျက်ထွက်တော်မူသောနေ့၌သင်တို့သည် ပုန်းရှောင်ရာကိုတွေ့ကောင်းတွေ့ကြလိမ့်မည်။နှိမ့်ချဆင်းရဲသောအမျိုးကိုသင့်အလယ်၌ငါချန်ထားမည်။ထိုသူတို့သည်ထာဝရဘုရား၏နာမတော်ကိုခိုလှုံကြလိမ့်မည်။ကျန်ကြွင်းသောဣသရေလအမျိုးသားတို့သည်မတရားသောအမှုကိုမပြုရကြ။မုသာမပြောရကြ။သူတို့၌လှည့်စားတတ်သော လျှာမရှိရ။ အဘယ်သူမျှ မကြောက် စေဘဲ စားသောက်လျက်၊ အိပ်လျက် နေရကြလိမ့်မည်။

**Responsorial Psalm  Psalm  146:6-7, 8-9, 9-10**

ဆာလံကျမ်း ၁၄၆း ၆–၇။  ၈–၉။ ၉–၁၀

၆–၇။ကိုယ်တော်သည်အစဉ်ထာဝရသစ္စာတည်တော်မူ၏ ။ကိုယ်တော်သည်ဖိနှိပ်ညှင်းဆဲခြင်းခံရသူတို့အ
တွက်တရားသဖြင့်စီရင်ပေးတော်မူ၏ ။ကိုယ်တော်သည်ငတ်မွတ်သောသူတို့စားစရာကိုပေးတော်မူ၏ ။
ထာဝရဘုရားသည်အကျဉ်းခံနေရသောသူတို့ကိုလွှတ်မြောက်စေတော်မူ၏ ။

၈–၉ ။ထာဝရဘုရားသည်မျက်စိမမြင်သောသူတို့အားမျက်စိမြင်စေတော်မူ၏ ။ကိုယ်တော်သည်လဲကျနေ
သူတို့ကိုထူမတော်မူ၍၊ဖြောင့်မတ်သောသူတို့ကိုချစ်မြတ်နိုးတော်မူ၏ ။

၉–၁၀။  ထာဝရဘုရားသည်ဧည့်သည်အာဂန္တုတို့ကိုကြည့်ရှုစောင့်ရှောက်တော်မူ၍၊မုဆိုးမနှင့်မိဘမဲ့သူတို့
ကိုကူညီထောက်မတော်မူ၏ ။ သို့သော်ကိုယ်တော်သည်ယုတ်မာသူတို့လမ်းစဉ်ကိုပျက်စီးစေတော်မူ၏ ။
အိုဇိအုံ၊သင်၏ဘုရားသခင်ထာဝရဘုရားသည်လူမျိုးအစဉ်အဆက်ထာဝရအုပ်စိုးတော်မူလိမ့်မည်။
ထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။

## 2nd READING: 1 Corinthians 1:26-31

ကော်ရင့်သုသြဝါဒပထမစာစောင် ၁း၂၆–၃၁

ခွန်အားသန်စွမ်းလေသည်။ညီအစ်ကိုတို့၊သင်တို့၏ခေါ်တော်မူခြင်းကိုဆင်ခြင်သုံးသပ်ကြလော့။သင်တို့တွင်များစွာတို့သည်လောကီသားတို့၏စံချိန်နှင့်အညီပညာရှိသူများမဟုတ်ကြချေ၊ သြဇာအာဏာရှိသူများလည်းမဟုတ်ချေ၊ မျိုးရိုးဇာတိမြင့်မြတ်သူများလည်းမဟုတ်ချေ။ သို့ရာတွင်ဘုရားသခင်သည်ဉာဏ်ပညာရှိသူတို့ကိုအရှက်ကွဲစေရန် လောကတွင်ဉာဏ်ပညာမဲ့သူတို့ကို ရွေးချယ်ခဲ့ပြီး၊ခွန်အားကြီးသူတို့ကိုအရှက်ကွဲစေရန် အားနည်းသူတို့ကို ရွေးချယ်ခဲ့လေပြီ။ ဘုရားသခင်သည် ကမ္ဘာလောကတွင်နိမ့်ကျသူများ၊ အပယ်ခံ လူတန်းစားများကို ရွေးချယ်တော်မူသည့် အပြင်၊ အရေးပါသည့် အရာများကို အချည်းနှီးဖြစ်စေရန်၊ အရေးမပါသည့် အရာများကိုပင် ရွေး ချယ်တော်မူခဲ့၏။ ဤနည်းဖြင့် မည်သည့်လူသားမျှ ဘုရားသခင်၏ မျက်မှောက်တော်တွင် ကြွားဝါခြင်း မပြုနိုင်စေရန်ပင်ဖြစ်သည်။ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် အသက်ရှင်သောသင်တို့အသက် တာ၏အရင်းအမြစ်ဖြစ်သည်။ ခရစ်တော်သည်ငါတို့အတွက်ဘုရားသခင်၏ဉာဏ်ပညာ၊ ငါတို့၏ဖြောင့် မတ် မှန်ကန်မှု၊ သန့်ရှင်းမွန်မြတ်မှုနှင့် ကယ်တင်ခြင်းတို့ ဖြစ်လာခဲ့လေပြီ။ ထို့ကြောင့် ကျမ်းစာတွင် ရေးထားသည့်အတိုင်းကြွားဝါလိုသူသည်သခင်ဘုရား၌သာလျှင်ကြွားဝါပါစေ။

**GOSPEL:** ***Matthew 5:1-12a***

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၅း ၁–၁၂

ကိုယ်တော်သည်လူအစုအဝေးတို့ကိုမြင်တော်မူလျှင်တောင်ပေါ်သို့တက်၍ထိုင်နေတော်မူ၏။တပည့်တော်
တို့သည်အထံတော်သို့စုဝေးလာကြသောအခါ၊ကိုယ်တော်သည်မိမိနှုတ်တော်ကိုဖွင့်၍သူတို့အားဟောပြော
သွန်သင်တော်မူသည်ကား၊အတွင်းစိတ်ဖြင့်ဆင်းရဲသောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကား
ကောင်းကင်နိုင်ငံတော်သည်ထိုသူတို့၏နိုင်ငံဖြစ်၏။ဝမ်းနည်းပူဆွေးသောသူတို့သည်မင်္ဂလာရှိကြ၏။အ
ကြောင်းမူကားသူတို့သည်နှစ်သိမ့်ခြင်းခံကြရလိမ့်မည်။စိတ်နှလုံးနူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရှိကြ
၏။အကြောင်းမူကားသူတို့သည်မြေကိုပိုင်ဆိုင်ကြရလိမ့်မည်။ ဖြောင့်မတ်ခြင်းတရားကိုဆာငတ်သောသူတို့
သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်လိုအင်ဆန္ဒပြည့်ဝကြလိမ့်မည်။ကြင်နာသနားတတ်သော
သူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်ကြင်နာသနားခြင်းခံကြရလိမ့်မည်။စိတ်နှလုံးရိုး
သားဖြူစင်သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်ဘုရားသခင်ကိုဖူးမြင်ကြရလိမ့်
မည်။ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းဆောင်ရွက်သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့
သည်ဘုရားသခင်၏သားများဟုအခေါ်ခံကြရလိမ့်မည်။ဖြောင့်မတ်ခြင်းတရားအတွက်ညှဉ်းပန်းနှိပ်စက်
ခြင်းခံရသောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားကောင်းကင်နိုင်ငံတော်သည်သူတို့၏နိုင်ငံဖြစ်၏
လူတို့သည်ငါ့အတွက်ကြောင့်သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲပြီးမဟုတ်မမှန်ဘဲအမျိုးမျိုးပြစ်တင်ရှုတ်ချကြသော
အခါသင်တို့သည်မင်္ဂလာရှိကြ၏။ဝမ်းမြောက်ဂုဏ်ယူကြလော့၊အကြောင်းမူကားကောင်းကင်နိုင်ငံတော်
တွင်သင်တို့ခံစားရမည့်ဆုလာဘ်သည်ကြီးမားလှပေ၏။